မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၀)

ပဉ္စမ မဏ္ဍိုင်

ကျွန်တော်တို့အစိုးရအပေါ် တားဆီးနှောင့်ယှက်မှုတွေ ရှိနေပေမယ့်လည်း ကျွန်တော်တို့ စိတ်ဓာတ်ကျစရာ၊ စိတ်ပျက်စရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့မှာ စည်းလုံးညီညွတ်တဲ့ ပဉ္စမ မဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို ဥပဒေနဲ့အညီ ပေးအပ်နိုင်အောင် လုပ်ဆောင်နေ
ပြည်သူတွေ ဖြစ်နေတာတွေ၊ ဖြစ်ချင်တာတွေကို အပြည့်အဝဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိ
အစိုးရသက်တမ်း နုနယ်သေးပေမယ့်လည်း ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ကြိုးပမ်းဆောင်ရွက်နေ
ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူ့အကျိုးကို အစွမ်းကုန်ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် –

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား –

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများကို အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးပြီးနောက် ပထမအကြိမ် လွှတ်တော် အရပ်ရပ်ရဲ့ အစည်းအဝေးတွေကို အောင်အောင်မြင်မြင် ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။ ဤလွှတ်တော်ကြီးက ကျွန်တော့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းထူထောင်ထားရှိပြီး စနစ်တကျ *စာမျက်နှာ ၈ ကော်လံ ၁* ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ
နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၀၀)ဦးတို့ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၂၃ ရက်)

အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အဓိကကျလျက်ရှိသည်။ ပညာရေးကဏ္ဍတွင် အခြေခံပညာရေးကဏ္ဍသည် ပို၍အဓိကကျပြီး နိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့မျိုးဆက်သစ်လူငယ်လေးများကို စိတ်ဓာတ်ကြံ့ခိုင်ရေး၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းရရှိရေး စသည်တို့အတွက် ငယ်ရွယ်စဉ်ဘဝကပင် လေ့ကျင့်ပေးသွားရမည်ဖြစ်သည်။ ကြီးပွားတိုးတက်စေလိုသည့် စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးဂုဏ်ယူပြီး ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စာနာထောက်ထားတတ်မှု စိတ်ဓာတ်ကောင်းများကို ငယ်ရွယ်စဉ်ကပင် စွဲမြဲစေရန် ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်လေးများကို ကနဦးပုံဖော်ရာတွင် ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်၊ စည်းကမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပေးပြီး အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးကို ဆရာ ဆရာမများက ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီမြင့်မားလာစေရန် တိုးတက်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ အထောက်အကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများသို့ တက်ရောက်မှုနှုန်းမြင့်မားလာရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာအခြေခံကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိပြီး အခြေခံပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ညီညီမျှမျှရရှိနေပြီဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍ၌လည်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာ၌ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကိုအခြေခံပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွန်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘိုကလေး၌ ရှင်းလင်းဆွေးနွေး

ဘိုကလေး ဩဂုတ် ၂၂

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစာရင်းကောက်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ ဘိုကလေးမြို့နယ် ဦးစီးမှူး ဒေါ်ရီရီမြင့်နှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီမှ လုပ်ငန်းကဏ္ဍရှစ်ရပ်အပေါ် အကောင်အထည် ဖော်ဆောင်ရွက်နေမှုနှင့်လုပ်ငန်းကဏ္ဍအလိုက် အောင်မြင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူးက ဆောင်ရွက်မည့်လုပ်ငန်းများကိုရှင်းလင်းပြီး ကျေးရွာများအားလုံးတွင် စာရင်းကောက်ယူရေးကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆုချီးမြှင့်ပွဲ ရမည်းသင်းမြို့နယ်၌ ကျင်းပ

ရမည်းသင်း ဩဂုတ် ၂၂

ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန တာဝန်ခံဆရာဝန် ဒေါက်တာမြင့်မြင့်မော်က စံပြမိခင်ပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းခြင်းနှင့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းအကြောင်းကို ပညာပေးဟောပြောသည်။

ထို့နောက် စံပြမိခင်ဆုရရှိသူ ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုလေးဦးနှင့် ပြိုင်ပွဲဝင်မိခင်များအားလုံးကို

လက်ဆောင်ပစ္စည်းပေးပြီး **(အပေါ်ပုံ)** အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရရှိသောအစားအစာနှင့် သံဓာတ်ပါအားဆေးများ ပေးဝေခဲ့ကြောင်းသိရှိရသည်။ **(၄ဝဖ)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မအူပင်၌ ကျင်းပ

မအူပင် ဩဂုတ် ၂၂

မအူပင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက် ၇ နာရီက မအူပင်မြို့ မြနန္ဒာလမ်းဘေးဝဲယာ၌ကျင်းပရာ မအူပင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေး၊ မအူပင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင် ၂၀၀ နှင့် မန်ကျည်းရှား ၁၅၀ စုစုပေါင်းအပင် ၃၅၀တို့ကို စုပေါင်းစိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

ဖြန့်ဝေစိုက်ပျိုး

မအူပင်မြို့နယ်တွင် သစ်တောဦးစီးဌာနမှ ၂၀၁၁ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်သစ်မာ ၂၀ အပါအဝင် စုစုပေါင်းအပင် ၁၁၈၀၀ နှင့် မြို့နယ်သစ်တောဦးစီးဌာနအစီအစဉ်ဖြင့် ကျွန်းနှင့်ယူကလစ်ပင် ၄၇၀၀ တို့ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဖ၈)**

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် ဗညားဒလလမ်း ခြောက်လွှာ အမှတ်(၄၁၆)နေ သမီးမန္တယ်နွယ်ဝင်း ခုနစ်နှစ်ပြည့်အားရည်စူး၍ ဦးအုန်းမောင်-ဒေါ်လှလှမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြိုးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကူးစက်ရောဂါအကြောင်း ပညာပေးဆွေးနွေး

မန်စီ ဩဂုတ် ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ကောင်ရာရပ်ကွက်ရှိ ဝက်မွေးမြူရေးခြံများတွင် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် လက်ထောက်တိရစ္ဆာန် ဆေး/ကုမှူး ဦးဒါရှီအောင်ဒွန်းတို့ ကူးစက်ရောဂါနှင့်ပတ်သက်ပြီး ပညာပေးဆွေးနွေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ဗုဒ္ဓမြတ်စွာဘုရား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၄)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၆)
- ၈း၅၀ တော်ဝင်မိသားစု နှစ်ပတ်လည်ငွေရတုမင်္ဂလာ
- ၉း၀၅ Activities in the City [အမက(၁၂) ရန်ကင်း၏ မြတ်ဆရာပူဇော်ပွဲ]
- ၉း၁၅ ပြည်သူများ၏ကျန်းမာရေး လိုအပ်ချက်ဖြည့်ဆည်းပေးမည့်… ဖြိုဟ္မစိုရ်
- ၉း၃၅ Cartoon Show Time (HOP)
- ၁၀း၂၀ အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့် နှင်းဆီ
- ၁၀း၄၅ Celebrity Choice (ဖူးစုံ)
- ၁၁း၁၅ International Show Biz
- ၁၁း၃၅ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ သင်ကြားရေးလမ်းညွှန် (မနောရမ္မပညာဒါန သင်တန်းကျောင်း)
- ၁၂း၂၅ မုံရွာမြို့ရဲ့ အထင်ကရနေရာ (၉)ခု
- ၁း၀၀ **ဗုဒ္ဓမြတ်စွာဘုရား** တရားတော် (ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ပန်းပျိုးလက်ရဲ့ ငွေကြယ်ပွင့်
- ၂း၄၀ Activities in the City (Father Land ၏ ဂုဏ်ယူဖွယ်ရာနေ့နှင့် Nibban ၏ အရောင်းပြခန်းဖွင့်ပွဲ)
- ၃း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နောက်တယ်နော်** ရိုက်ကွင်းအမှတ်တရ
- ၃း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၄)
- ၄း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၆)
- ၅း၀၀ Activities in the City (ရှိုင်းကုမ္ပဏီများအုပ်စု၏ အိမ်အလှဆင်ပစ္စည်းမိတ်ဆက်ပွဲ)
- ၅း၁၅ မလေးရှားနိုင်ငံ Mahkota Medical Centre
- ၅း၄၅ လှပခေတ်မီ K-1 အကယ်ဒမီ (ဒီဇိုင်နာခင်မျိုးဝင်း)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ စင်ကာပူနိုင်ငံရဲ့ ငှက်မျိုးစုံကိုတွေ့မြင်နိုင်တဲ့ JURONG BIRD PARK
- ၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၀၅)
- ၇း၃၀ Celebrity Choice (အိမ့်ချစ်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၇)
- ၁၀း၂၀ ဦးဆုံးအစ ဘဝရဲ့အလှ(ဇော်ပိုင်)
- ၁၀း၃၅ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၃)
- ၁၀း၅၀ World of Knowledge (Seconds from Disaster; Meltdown in Chernoby)
- ၁၁း၃၅ စေတနာအမှန်ဖြင့်…
- ၁၁း၅၀ Box Office Movies (Watch Men)
- ၁၂း၀၅ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
- ၁၂း၃၅ လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
- ၁း၀၅ နတ်လူသာဓုခေါ်စေသော ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁း၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
- ၁း၅၀ Japan Video Topics (Takachiho-Land of Legends)
- ၁း၅၅ ရေပျော်ငှက်၏ တောင်ပံခတ်သံ
- ၂း၁၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
- ၂း၄၅ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၄း၂၅ အဘိုးအဘွားများ အေးချမ်းစွာနားခိုရာချမ်းမြေ့သာယာစံတော်သာ
- ၄း၅၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက် မိန့်ခွန်းပြောကြားရာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားသည်။

(နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

မှတ်တမ်းတင်

ထို့နောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၂၇၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)တို့အရ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အတွင်း ၁၈ ရက် ကျင်းပခဲ့ကြောင်း၊ ယခုလို ကျင်းပခဲ့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြည့်နီးပါး တက်ရောက်ခဲ့ကြကာ နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို ဖွဲ့စည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ခွဲဝေအပ်နှင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁ (က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြား သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ဖော်ပြပါရှိကြောင်း၊ အဆိုပါ ဥပဒေပုဒ်မ ၁၂ (က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေး အာဏာကို ခွဲဝေအပ်နှင်းသည်ဟု ဖော်ပြထားကြောင်း။

ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို သီးခြားစီ ပိုင်းခြားသုံးစွဲပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးပင်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော်အခြေခံမူများပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်ခွင့်ရှိကြောင်း၊ ယင်းသို့ ဥပဒေပြုခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း နည်းလမ်းများနှင့်သာ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို ထိန်းညှိခွင့်ရှိကြောင်းလည်း ပြောကြားလိုကြောင်း၊ ထို့ကြောင့် ယခင်ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ရပ်နားထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး ကြယ်ပွင့်မပြမေးခွန်းများကို ပေးပို့နိုင်ပါကြောင်းနှင့် သက်ဆိုင်ရာကို ဆက်လက်မေးမြန်းပြီး ပြန်ကြားပေးမည်ဖြစ်ကြောင်း မှာကြားလိုက်သော်လည်း ပြီးခဲ့သည့်လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မေးခွန်းတစ်စောင်မျှ လက်ခံရရှိခြင်း မရှိခဲ့ကြောင်း။

ဆွေးနွေးသုံးသပ်

ယခု ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းမည်ဖြစ်ကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ဥပဒေကြမ်းများလည်း တင်သွင်းကြမည်ဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းများကို လွှတ်တော်တစ်ရပ်စီတွင် စတင်ဆွေးနွေးပြီးနောက် အပြန်အလှန်ဖလှယ်ပြီး အတည်ပြုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်က သဘောတူလျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး သဘောတူညီမှုမရလျှင် ပြည်ထောင်စုလွှတ်တော်၌ ထပ်မံဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် ဥပဒေကြမ်းများကို ဝေဖန်ဆွေးနွေး သုံးသပ်ပေးကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် ယခုတစ်ကြိမ် လွှတ်တော်အစည်းအဝေးတွင် ထူးခြားမှုမှာ ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက် ဆိုသည့် လွှတ်တော်ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်နှင့်အညီ မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို မြှိုင်မြှိုင်ဆိုင်ဆိုင် ဆောင်ရွက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုံးဖြတ်ကြေညာ

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ(ခ)အရ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုံးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ပြည်ထောင်စုလွှတ်တော်က စဉ်းစားရန် အဆိုများကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံကြသဖြင့် အဆိုပါဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ပေးပို့လေ့လာစိစစ်စေမည်ဖြစ်ရာ ယနေ့တင်သွင်းသည့်ဥပဒေကြမ်းများကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆-၈-၂၀၁၁ ရက် (သောကြာနေ့)ထက် နောက်မကျစေဘဲ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရမည်ဖြစ်သည်။

သီးခြားသတ်မှတ်

ယနေ့အစည်းအဝေးတွင် တင်သွင်းထားသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမည်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ ရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၉။ သဘာဝဘေးအန္တရာယ်များ
- ၈:၃၀ ၁၀။ ၂၀၁၁ ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား)
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၂၅ ၈။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၂)
- ၅:၄၀ ၉။ ၂၀၁၁ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၄)
- ၂၀။ အစီအစဉ်ပြီး၏။

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

✱ ကျော့ဖုံးမှ

မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်သည် အရည်အချင်းရှိရန်၊ ခိုင်မာတောင့်တင်းရန်၊ ခိုင်မြဲအောင် တည်ဆောက်နေရန် လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီး အရည်အချင်းတိုးတက်မြင့်မားနေအောင် ပုံစံမျိုးစုံဖြင့် လေ့ကျင့်နေရန် လိုအပ်သကဲ့သို့ စည်းလုံးညီညွတ်စွာရှိနေစေရေးအတွက် တစ်ဦးနှင့်တစ်ဦး နားလည်လေးစားကြရန်နှင့် ပြုမူဆောင်ရွက်ကြရန်လည်း လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မထားရှိတော့ဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမည်ဟု ခံယူပြီး ပြောဆိုပြုမူ ဆောင်ရွက်နေကြသည်များကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်

အမှန်တကယ်တွင် လွှတ်တော်များသည် ဒီမိုကရေစီ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ စုစည်းတည်ရှိရာအဖွဲ့အစည်းဖြစ်သကဲ့သို့ အာဏာများကိုလည်း မျှတစွာ ခွဲဝေကျင့်သုံးစေသော အဖွဲ့အစည်းကြီးလည်းဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောထားဆန္ဒများကို သယ်ဆောင်လာကြပြီး မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်းဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများ ဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သော ဥပဒေများ အလျင်အမြန်ဖြစ်ပေါ်လာရန် လိုအပ်နေကြောင်း၊ ထို့အတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည့် အဓိကအဖွဲ့အစည်းလည်း ဖြစ်ကြောင်း။

ထိန်းညှိကူညီ

လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သော ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်သောဥပဒေများဖြစ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် ညီညွတ်မှု ရှိ /မရှိ ကို ဆန်းစစ်နေရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီ ဆောင်ရွက်ရေးအတွက် ပါဝင်ပေးရမည်ဖြစ်ကြောင်း။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက အဓိကထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်များကျေပွန်စေရေးအတွက် မွန်မြတ်သောစေတနာနှင့် ပြည့်ဝသော အရည်အချင်းများရှိကြရန်နှင့် လုပ်နည်းလုပ်ဟန်များ မှန်ကန်ရန်လည်းလိုအပ်ကြောင်း။

အလေးထား

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူ့မျှော်လင့်ချက်များကို အလေးထား ဆန်းစစ်သုံးသပ်ဝေဖန်ပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်အကျိုးအတွက် ဖြစ်ထွန်းစေမည့် ဥပဒေများ အမြန်ပေါ်ထွန်းရေးနှင့် ထိုဥပဒေများနှင့်အညီ နိုင်ငံသားအားလုံး၊ ပြည်သူအားလုံးနှင့် အဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးရေးအတွက် ထိန်းညှိကူညီဆောင်ရွက်ရန် လွှတ်တော်တွင် တာဝန်ရှိကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့တာဝန်ကိုသိရှိပြီး ထိုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများကို သစ္စာရှိရာ ရောက်မည်ဖြစ်ကြောင်း၊ တာဝန်ကျေသော သစ္စာရှိသော လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြုမူဆောင်ရွက်သွားကြပါရန် အလေးအနက်ထား တင်ပြတိုက်တွန်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်

ထို့နောက် ပထမပုံမှန် အစည်းအဝေးနှင့် ဒုတိယပုံမှန် အစည်းအဝေးကြား ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ယနေ့ တင်ပြမှတ်တမ်းတင်သည့် ဆောင်ရွက်ချက်များမှာ ၂၄-၆-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား တွေ့ဆုံပြောကြားချက်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. B. V. Gryzlov ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၅-၆-၂၀၁၁ ရက်မှ ၂-၇-၂၀၁၁ ရက်အထိ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIA အကြား ပစ်ခတ်မှုရပ်ဆိုင်း၍ တည်ငြိမ်အေးချမ်းမှုဖော်ဆောင်နိုင်ရေး ဆောင်ရွက်ချက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ပနိုင်ငံအစိုးရနှင့် လွှတ်တော်အကြီးအကဲများထံသို့ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာ(၄၀) လစ်လပ်ခြင်းတို့ဖြစ်သည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းလိုအပ်ချက်အရ ပြီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေး၌ ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီများအပြင် ကော်မတီနှင့် ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီနှင့် ကော်မရှင်များ၏ ဥက္ကဋ္ဌများကိုပါ တစ်ပါတည်းလျာထားသတ်မှတ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

တိုးချဲ့ဖွဲ့စည်း

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် နည်းဥပဒေ (၇၉) တို့အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုပါ လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်း သတ်မှတ်ချက်နှင့်အညီ ကော်မတီများ တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ယနေ့အစည်းအဝေးမှ တိုးချဲ့ဖွဲ့စည်းခဲ့သည့် ကော်မတီများနှင့် ဥက္ကဋ္ဌများမှာ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးဖြင့်လည်းကောင်း၊ တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်ဖြင့်လည်းကောင်း၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းဖြင့် လည်းကောင်း၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာဖြင့် လည်းကောင်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦးဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းဖြင့် လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်ဖြင့် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်ဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီဖြင့်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ချမ်းအေးသာဇံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်ဖြင့် လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်းဖြင့် လည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုဖြင့် လည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးဖြင့်လည်းကောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေဖြင့် လည်းကောင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီကိုဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းဖြင့် လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသောအကြောင်းကိစ္စများမှအပ အခြားအကြောင်း ကိစ္စများ လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖြစ်စေ၊ သင့်လျော်မည့် နိုင်ငံသားများ ထည့်သွင်း၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်ဟု ပြည်သူ့လွှတ်တော် ဥပဒေပုဒ်မ ၂၉၊ နည်းဥပဒေ ၈၁ တို့၌ ဖော်ပြပါရှိချက်နှင့်အညီ တည်ဆဲဥပဒေများအပေါ် စိစစ်သုံးသပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ပြောင်းလဲတာဝန်ပေး

ယင်းနောက် လွှတ်တော်၏ လုပ်ငန်းလိုအပ်ချက်အရ ပြီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအား ကော်မတီနှင့် ကော်မရှင်များသို့ပြောင်းလဲတာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်ရာ လက်ရှိဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တည်ဆဲဥပဒေများ စိစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်အား ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစောလှထွန်းအား ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးလှမြင့်ဦးအား နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာစိုးရင်အား လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအဖြစ် လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်သွားမည်ဖြစ်သည်။

ထို့နောက်ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ကြားထားသည့်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၂၃ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ဧည့်သည်လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ ငွေရေးကြေးရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Liu Guangxi နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ ငွေရေးကြေးရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Liu Guangxi နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက် နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

❐ *ကျောဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အစဉ်အမြဲ စွဲမှတ်ထားပြီး လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီ၏အသွင်သဏ္ဌာန်ဖြစ်သော လွှတ်တော်စနစ်ကို မကြာသေးမီကမှ စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ကြသူများ ဖြစ်သည်နှင့်အညီ နောက်လူတို့ အတုယူနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဤသို့ဆောင်ရွက်ရာတွင် မိမိတို့သည် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များမဟုတ်ကြောင်းလည်း သတိထားရမည်ဖြစ်သကဲ့သို့ မိမိတို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဟုတ်သည်ကိုလည်း သတိမလွတ်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို တွဲဖက်ဆောင်ရွက်ပြီး တရားစီရင်ရေးကို သီးခြားကျင့်သုံးကြောင်း၊ ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် ခက်မသုံးဖြာကို သီးခြားစီ ကျင့်သုံးကြကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ပြီး လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးသော ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များက လိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးလုပ်ငန်းကို ပြည်သူ့အကျိုးစီးပွား ရှုထောင့်ကကြည့်ပြီး အားစိုက်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော အဆိုများကိုလည်း တင်သွင်းနိုင်ကြကြောင်း၊ ထို့ပြင်မကဘဲ မိမိ၏ မဲဆန္ဒနယ်မြေအကျိုးအတွက် လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်းပြုနိုင်သည့်နည်းတူ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်ရေးတို့အတွက်လည်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုမပါဘဲ မေးခွန်းများ မေးမြန်းနိုင်ကြကြောင်း။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် စတင်တည်ထောင်ဆဲဖြစ်သော ဒီမိုကရေစီလူ့ဘောင်ကို ကြံ့ခိုင်သည်ထက်ကြံ့ခိုင်အောင် ဥပဒေပြုရေးကဏ္ဍမှ တာဝန်ကျေကျေ ဆောင်ရွက်ကြပါစို့ဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် နည်းဥပဒေ ၇၉ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုလည်း လေ့လာတင်ပြရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်းသတ်မှတ်ချက်နှင့်အညီ ကော်မတီများ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ယနေ့အစည်းအဝေးက တိုးချဲ့ဖွဲ့စည်းခဲ့သည့် ကော်မတီများနှင့်ဥက္ကဋ္ဌများမှာ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်ရွှေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသမီးများနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ထူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာ ကော်မတီတို့ ဖြစ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ယနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည့် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုလွှတ်တော် နာယကက ဖိတ်ကြားထားသဖြင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၁ခုနှစ် ဩဂုတ် ၂၃ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကျောက်တံခါးမြို့နယ် (၂၃၀)ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဓာတ်အားခွဲရုံများနှင့် လျှပ်စစ်အင်ဂျင်နီယာရုံးများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် (၂၃၀) ကေဗွီ တောင်ငူပင်မဓာတ်အားခွဲရုံ၌ Control Building တည်ဆောက်ပြီးစီးမှု၊ Control Room အတွင်းနှင့် Switch Yard အတွင်း ဓာတ်အားလက်ခံမှုနှင့် ဓာတ်အားပြန်လည်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် (၅၀၀/၂၃၀)ကေဗွီ တောင်ငူပင်မဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်မည့်မြေနေရာ၊ မဟာဓာတ်အားလိုင်းမှူးရုံး(တောင်ငူ)ရှိ စတိုအတွင်း ပစ္စည်းများထားရှိမှုနှင့် တောင်ငူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ ရပ်ကွက် (၂) ရှိ (၃၃) ကေဗွီ ရခိုင်စုဓာတ်အားခွဲရုံ Switch Yard နှင့် Control Room အတွင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ကျောက်တံခါးမြို့နယ် (၂၃၀) ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံများရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးရေး၊ ဓာတ်အားခွဲရုံ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့ကို ရှင်းလင်းမှာကြားပြီး Switch Yard အတွင်း ကြည့်ရှုစစ်ဆေးသည်။

မြေနေရာရွေးချယ်

ထို့နောက် ကျောက်တံခါးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးမှုနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအသစ် တည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖဒိုမြို့နယ်ခွဲရှိ (၃၃/၁၁) ကေဗွီ (၁ ဒသမ ၂၅)အမ်ဗွီအေ ထရန်စဖော်မာဖြင့် ဖဒိုမြို့နယ် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မွမ်းမံသင်တန်းသည် သင်တန်းသားများရှိပြီး အရည်အချင်း၊ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် ပြုလုပ်ပေးမည့် တစ်နည်းအားဖြင့် စာရင်းစစ်ရုံးအသီးသီး၏ စစ်ဆေးရေးစွမ်းရည်မြင့်မားစေရန် ပြုလုပ်ပေးမည့် သင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်နှင့် နိုင်ငံတကာဆိုင်ရာ စာရင်းစစ်စံများနှင့်အညီ ပြည်သူပိုင်ကဏ္ဍတွင် Good Governance ရရှိစေရေးအတွက် ပြုပြင်ပြောင်းလဲထားသည့် စစ်ဆေးရေးဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရမည့် လူကောင်းလူတော်များ ဖြစ်ရန် ပင်ကိုထိုးထွင်းဉာဏ်နှင့် လိမ္မာပါးနပ်မှု၊ ဉာဏ်ရည်အကင်းပါးစွာဖြင့် စစ်ဆေးရေးလုပ်ငန်းများကို ဂရုဓမ္မစိုက်ထုတ်ပြီး သတိဝီရိယရှိစွာဖြင့် နေထိုင်ပြုမူပြောဆိုဆောင်ရွက်ကြရန် ပြောကြားသည်။ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၁၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘိုကလေး–မြစ်ကူးတံတားစီမံကိန်းနှင့်လမ်း/တံတားများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ဘိုကလေးမြစ်ကူးတံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးအား တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)၊ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၆)နှင့် တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁) တို့မှ တာဝန်ခံအင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် ဖျာပုံခရိုင်အင်ဂျင်နီယာမှူးတို့က ဘိုကလေးမြစ်ကူးတံတား တံတားချဉ်းကပ်လမ်းနှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဓနုဖြူ-ကျုံပျော်လမ်းပေါ်ရှိ တံတားများနှင့် ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းပေါ်ရှိ တံတားများဆောင်ရွက်နေမှုနှင့် ခရိုင်အတွင်း လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဘိုကလေးမြစ်ကူးတံတားသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်း (၁၁)လမ်းတွင် အမှတ်(၅)လမ်း၊ အမှတ်(၆)နှင့် လမ်းအမှတ်(၁၀) စသည့် လမ်းသုံးသွယ်ဆက်စပ်ပေးမည့် တံတားကြီးဖြစ်၍ အရေးပါသော တံတားဖြစ်ကြောင်း၊ တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများတွင် များစွာအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဘိုကလေး-ဖျာပုံလမ်းနှင့် ဖျာပုံတံတားကြံ့ခိုင်မှု၊ ဖျာပုံ-ဒေးဒရဲလမ်းပိုင်းနှင့် ဒေးဒရဲတံတားကြံ့ခိုင်မှု၊ ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူးလမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား နေပြည်တော်ရှိ ပြည်ထောင်စုတရားသူကြီးချုပ်၏ ညွှန့်ခန်းမ၌ လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်၏ ညွှန့်ခန်းမ၌လည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုဝန်ကြီး၏ ညွှန့်ခန်းမ၌ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုဝန်ကြီးရုံး ညွှန့်ခန်းမ၌ လည်းကောင်း သွားရောက်တွေ့ဆုံ ဆွေးနွေးသည်။

ညနေပိုင်းတွင် မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးစစ်အေး၊ ဦးဆက်အောင်နှင့် ဦးနေဇင်လတ်တို့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးညွှန့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ (၂) (စက်မှု/လျှပ်စစ်)များ၏ အရည်အသွေးမြှင့်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန (ပေါင်းလောင်း) ရဲရွာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက တစ်နိုင်ငံလုံး ထုတ်လုပ်ပေးနေသည့် လျှပ်စစ်ဓာတ်အား၏ ၇၅ ရာခိုင်နှုန်းကို မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၈ရုံမှ တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အရေးပါလှသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စဉ်ဆက်မပြတ် မောင်းနှင်နိုင်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ အကျွမ်းတဝင်ရှိနေမှသာ မိမိနှင့်စက်ပစ္စည်းကိရိယာများ စွမ်းအားပြည့် လည်ပတ်အသုံးပြုနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အင်ဂျင်နီယာများပီပီ စက်များ၏ စွမ်းဆောင်ရည် မြင့်မားရေး၊ စွမ်းအင်အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံဆိုင်ရာ နည်းပညာသဘောတရားများကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ မိမိတို့ စက်ရုံများအလိုက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို တစ်ဦးနှင့်တစ်ဦး အသိအမြင် ဖလှယ်ကြရင်း ရှိပြီးသားအရည်အချင်းများကို ပိုမိုမြင့်မားအောင် စွမ်းဆောင်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် အမှာစကား ပြောကြားသည်။ **(ဓါပုံ)**

အဆိုပါ အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၃ စင်တီမီတာ (၂ ဒသမ ၇ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

အင်ဒီမာရေး

မာရီယာရှာရာပိုဗာ

ဆင်ဆင်နာတီတင်းနစ်ပြိုင်ပွဲ အင်ဒီမာရေးနှင့်ရှာရာပိုဗာတို့ဖလားဆွတ်ခူး

ဝါရှင်တန် ဩဂုတ် ၂၂

ဆင်ဆင်နာတီတင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲများကို ဩဂုတ် ၂၂ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲ၌ အင်ဒီမာရေးက ဒီဂျိုကိုဗစ်အား ၆-၄၊ ၃-၀ ဖြင့် အနိုင်ရရှိပြီး ဖလားဆွတ်ခူးရရှိသွားပြီဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၄) မာရီယာရှာရာပိုဗာက ကမ္ဘာ့အဆင့် (၁၃)ရှိ ဆားဘီးယားတင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်အား ၄-၆၊ ၇-၆(၃)၊ ၆-၃ ဖြင့်အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၌ အိန္ဒိယမှ ဘဟူပါတီနှင့် လန်ဒန်ပက်စ်တို့အတွဲက ပြင်သစ်မှမိုက်ကယ်လီရိုဒရာနှင့် ဆားဘီးယားမှ နီနက်ဇီမွန်ဂျစ်အတွဲအား ၇-၆(၄)၊ ၇-၆(၂)ဖြင့် နိုင်ပွဲရရှိခဲ့သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အမေရိကန်မှ ဗာနီရာကင်းနှင့် ကာဇက်စတန်မှ ရှဗီဒိုဗာအတွဲက တောင်အာဖရိကမှ ဂရန်ဒင်နှင့်ချက်မှ ဗလာဒီမာတို့အတွဲအား အနိုင်ရရှိခဲ့သည်။ ***(အင်တာနက်)***

ကိုပါအီတာလီယာ ဘောလုံးပြိုင်ပွဲ မိုဒီနာတို့နိုင်ပွဲရ

ရောမ ဩဂုတ် ၂၂

ကိုပါအီတာလီယာ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မိုဒီနာနှင့် ရိန်းဂျားအသင်းတို့ပွဲတွင် မိုဒီနာ က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မိုဒီနာအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၅ မိနစ်၌ ဂရီကိုက သွင်းယူပေးခဲ့သည်။

သို့သော် ၁၃ မိနစ်၌ ရိန်းဂျားအသင်းမှ အီမာဆင်က ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်တွင် တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၈၃ မိနစ်၌ မိုဒီနာအသင်းမှ ဂန်နာရီက အနိုင်ဂိုးသွင်းယူခဲ့သဖြင့် မိုဒီနာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ ဘယ်သူတွေဗိုလ်စွဲကြမလဲ

ဒေဂူ ဩဂုတ် ၂၂

(၁၃)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့မှာ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၇၆ နိုင်ငံက အားကစားမောင်မယ်ပေါင်း ၁၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမှာမို့ အကြိတ်အနယ်ရှိမယ့် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ဘယ်သူတွေ ဗိုလ်စွဲမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

နာမည်ကြီး

ဒီပြိုင်ပွဲမှာ နာမည်ကြီး ရေပန်းစားနေတဲ့ ပြေးခုန်ပစ် မောင်မယ်တွေကတော့ ကင်ညာနိုင်ငံသားမာရသွန် အပြေးသမား အဘီလ်ကီရူအီနဲ့ တရုတ်အမျိုးသမီး မာရသွန်အပြေးမယ် ဘိုင်ဆူီတို့ပဲဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ မာရသွန်ပြိုင်ပွဲတွေမှာ အနိုင်ရဗိုလ်စွဲမယ်လို့ နာမည်ကြီးသူတွေပဲဖြစ်ပါတယ်။ အဘီလ်ကီရူအီဟာ အသက် ၂၉ နှစ်အရွယ်ရှိပြီး ၂၀၀၉ ခုနှစ်က ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲရဲ့ မာရသွန်အပြေးပြိုင်ပွဲမှာ ၂ နာရီ ၀၆ မိနစ် ၁၄ စက္ကန့်နဲ့ ပထမရရှိထားသူဖြစ်ပါတယ်။ တရုတ်မာရသွန်အပြေးမယ် ဘိုင်ဆူီကတော့ အသက် ၂၃ နှစ်အရွယ်ရှိပြီး ၂၀၀၉ ခုနှစ် ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲရဲ့ မာရသွန်အပြေးပြိုင်ပွဲမှာ ၂ နာရီ ၂၅ မိနစ် ၁၅ စက္ကန့်နဲ့ ပထမရရှိခဲ့သူဖြစ်ပါတယ်။ (၁၃) ကြိမ်မြောက် ပြေးခုန်ပစ်ပြိုင်ပွဲမှာ အားကစားနည်းပေါင်း ၂၄ မျိုးကို ယှဉ်ပြိုင်ကြမှာမို့ နိုင်ငံတကာပြေးခုန်ပစ်မောင်မယ်များအတွက် ပြိုင်ဆိုင်မှုပြင်းထန်မယ့် ပြိုင်ပွဲဖြစ်မှာ သေချာနေပါတယ်။ *(အင်တာနက်)*

ယှဉ်ပြိုင်ကစား

ကိုပါအီတာလီယာ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က ယှဉ်ပြိုင်ရာ မိုဒီနာနှင့် ရိန်းဂျားအသင်းတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(အင်တာနက်-ဓာတ်ပုံ)

မြန်မာ့အလင်း ပြည်တွင်း လူမှု၊ စီးပွားသတင်းပဒေသာ ပြည်တွင်း လူမှု၊ စီးပွားသတင်းပဒေသာ

ဆောက်လုပ်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၂

ဆောက်လုပ်ရေး လုပ်ငန်းများ အကြောင်း ဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်အလံပြဘုရားလမ်းရှိ PARK ROYAL HOTEL, Ball Room ၌ ကျင်းပရာအခမ်းအနားတွင် SHINE & VIGLACERA မှ ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း(ယာပုံ)နှင့် ဒါရိုက်တာဦးစိုးမင်းနိုင်တို့က အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

မေးမြန်းနိုင်

ဆောက်လုပ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းလိုပါက အမှတ် ၂၉ မြေညီထပ် ဂျိုးဖြူလမ်း (အောင်ဆန်းကွင်း အထူးတန်းမျက်နှာချင်းဆိုင်) မင်္ဂလာတောင်ညွှန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀-၂၅၇၄၅၊ ၀၁-၃၈၅၃၄၄ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်ဉယျာဉ် (ရတနာပုံ)၌ နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်တစားလေ့လာ

မန္တလေး ဩဂုတ် ၂၂

မန္တလေးမြို့ တိရစ္ဆာန်ဉယျာဉ် (ရတနာပုံ)သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်တစားဝင်ရောက်လေ့လာမှုရှိကြောင်း သိရသည်။

"နိုင်ငံခြားသားခရီးသွားတွေ မန္တလေးရောက်ရင် တိရစ္ဆာန်ဉယျာဉ် (ရတနာပုံ) ထဲဝင်ပြီး စိတ်ဝင်တစား လာရောက်လေ့လာတတ်ပါတယ်။ အများစု မန္တလေးတောင်ပေါ်တက်ပြီး ပြန်ဆင်းလာတဲ့အခါ အပန်းဖြေရင်းဝင်ရောက်လေ့လာကြတာဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကိုလည်း ပြည်တွင်းဧည့်သည်တွေအတိုင်းပါပဲ ဝင်ကြေးကို လူကြီး ကျပ် ၅၀၀၊ ကလေး ကျပ် ၂၀၀ နှုန်းယူပါတယ်။ သူတို့ကတော့ ဒေသခံတွေလိုဉယျာဉ်ထဲမှာရောက်တက်ရာရာ လေ့လာကြည့်ရှုတာမဟုတ်ဘဲ ဉယျာဉ်တည်ရှိပုံကို လက်ကမ်းမြေပုံကြည့်ပြီး လည်ပတ်ကြည့်ရှုလေ့လာကြတာပါ' ဟု အဆိုပါဉယျာဉ်မှဝန်ထမ်းတစ်ဦးကဆိုသည်။(ဝဲပုံ)

ဖျော်ဖြေပေး

တိရစ္ဆာန်ဉယျာဉ်(ရတနာပုံ)တွင် မကြာသေးမီက ကျားပေါက်လေးနှစ်ကောင်မွေးဖွားခဲ့ပြီး ၎င်းဉယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆နာရီအထိဖွင့်လှစ်ပေးကာ စနေ၊ တနင်္ဂနွေရက်များတွင် ဆင်လိမ္မာကပွဲကဲ့သို့ တိရစ္ဆာန်ကပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် လာရောက် လည်ပတ်ကြည့်ရှုသူများကို ဖျော်ဖြေလျက်ရှိကြောင်းနှင့် ယခုဝါတွင်းကာလတွင် စနေ၊ တနင်္ဂနွေနေ့အစား တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များသို့ ပြောင်းလဲ ဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် လာရောက်လည်ပတ်ကြည့်ရှုသူများပြားသည့် နေ့ရက်များအလိုက် ဆင်လိမ္မာကပွဲကဲ့သို့ ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေပွဲကျင်းပနေ့ရက်များ ပြောင်းလဲပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တက္ကစီများ မီတာစနစ်ဖြင့် ပြေးဆွဲရန်နှင့် လူကူးမျဉ်းကျားများတွင်မော်တော်ယာဉ်များ အရှိန်လျှော့မောင်းရန် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့တော်တွင် ပြေးဆွဲမောင်းနှင်လျက်ရှိသော စီးတီးတက္ကစီများအားလုံး မီတာစနစ်ဖြင့်သာ ပြေးဆွဲမောင်းနှင်ကြရန်နှင့် လူကူးမျဉ်းကျားများတွင် မော်တော်ယာဉ်များ အရှိန်လျှော့၍ မောင်းနှင်ကြရန်ကို ပညာပေးကာလ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ **(အောက်ပုံ)**

ဩဂုတ် ၁၈ ရက်မှ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ကာ လှုံ့ဆော်ပညာပေးမှုများကို ဆောင်ရွက်သွားမည်ဟု ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ပညာပေးကာလ

ပညာပေးကာလ စီမံချက်အတွင်း အသံချဲ့စက်များအသုံးပြုကာ အသိပညာပေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူကူးမျဉ်းကျားများတွင် အရှိန်လျှော့မောင်းရေးအတွက်ကိုလည်း အသိပညာပေးသွားမည်ဟုသိရသည်။ ပညာပေးကာလကုန်ဆုံးမည့် စက်တင်ဘာ ၁ ရက်မှစတင်၍ အရေးယူမှုများကို စတင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

မေးမြန်းဆောင်ရွက်မည်

ရန်ကုန်မြို့တော်တွင် ပြေးဆွဲလျက်ရှိသောအငှားယာဉ်များအနက် မီတာတပ်ဆင်ပြီးခဲ့သော တက္ကစီယာဉ်အစီးရေမှာ ၁၁၉၇၃ စီးဖြစ်သည်ဟု သိရသည်။ မီတာစနစ်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိ ယာဉ်မောင်းအပြင် ခရီးသည်များကိုပါ မေးမြန်းဆောင်ရွက်သွားမည်ဟု သိရသည်။

အရေးယူမည်

ယာဉ်မောင်းများ လိုက်နာခြင်းမရှိပါက ပထမအကြိမ်တွင် ဒဏ်ငွေကျပ် ၁၁၅၀၀နှင့် လိုင်စင်တစ်လပိတ်သိမ်း၊ ဒုတိယအကြိမ်တွင် ဒဏ်ငွေကျပ် ၃၁၅၀ နှင့် လိုင်စင်သုံးလပိတ်သိမ်း၊ တတိယအကြိမ်တွင် စီအင်န်ဂျီသဘာဝဓာတ်ငွေ့ ထုတ်ယူခွင့်တစ်လပိတ်သိမ်း အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ထား

မီတာစနစ်ဖြင့် ယာဉ်စီးခသတ်မှတ်ထားရာတွင် ယာဉ်ပေါ်သို့စတင် တက်တက်ခြင်း ငွေကျပ် ၅၀၀၊ ခရီးတစ်ကီလိုမီတာလျှင် ငွေကျပ် ၁၅၀ နှုန်းနှင့် မီးပွိုင့်များကဲ့သို့ စောင့်ဆိုင်းခမှာ တစ်မိနစ်လျှင် ငွေကျပ် ၅၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရမည်းသင်းမြို့နယ် ကျေးရွာများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများ သရုပ်ပြ

ရမည်းသင်း ဩဂုတ် ၂၂

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများ တပ်ဆင်သရုပ်ပြသခြင်းကို ဇူလိုင် ၂၇ ရက်က ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ ကျင်းပသည်။

သရုပ်ပြသ

ဆိုလာမီး သရုပ်ပြသမှုကို အိုကေမြန်မာကုမ္ပဏီက တာဝန်ယူကာ လမ်းမီးများ၊ နေအိမ်မီးနှင့် အခြားအိမ်သုံးမီးလင်းပစ္စည်းများ စသည်ဖြင့် သုံးမျိုးသုံးစား ပြသခဲ့ကြောင်း သိရသည်။ အလားတူ ဆိုလာမီးသုံးစွဲမှု မီးသရုပ်ပြသပွဲကို ဩဂုတ် ၃ ရက်က ရမည်းသင်းမြို့နယ် အင်ဂျင်းကန်ကျေးရွာ၌လည်း ၅ ရက်တိုင် သရုပ်ပြသခဲ့ကြောင်း သိရသည်။ (၀၁၁)

မြန်မာ့အလင်း သတင်းအတိုအထွာ

စည်းကမ်းမဲ့ အမှိုက်စွန့်သူများ ဒဏ်တပ်မည် သတင်းပေးသူအား ဆုချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့အား သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် လူသွားစင်္ကြံ၊ လမ်းဘေးနှင့် နောက်ဖေးလမ်းကြားတို့၌ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူအား လက်ပူးလက်ကြပ်ဖမ်းမိအောင် သတင်းပေးသူအား အဆိုပါဒဏ်ငွေကျပ် ၁၀၀၀၀ မှ ထက်ဝက်ကို ဆုအဖြစ်ချီးမြှင့်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (ညွှန့်သန်း)

ခြင်ဆေးခွေမှတစ်ဆင့် နေအိမ်မီးစွဲလောင်

ရန်ကုန် ဩဂုတ် ၂၂

ရမည်းသင်းမြို့ သီလဝါရပ်ကွက် မြတ်လေးလမ်းရှိ နေအိမ်တစ်အိမ်၌ ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် ခြင်ဆေးခွေမှတစ်ဆင့် အနီးရှိဓာတ်ဆီပုံးသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ရမည်းသင်း မီးသတ်စခန်းမှ မီးသတ်ယာဉ်များ အချိန်မီသွားရောက်ငြှိမ်းသတ်ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး နေအိမ်တစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရှိရသည်။ (စိုးမင်း-သတင်းစဉ်)

မိုးစပါးစိုက်ပျိုးစရိတ် မြင်းခြံ၌ ထုတ်ချေး

မြင်းခြံ ဩဂုတ် ၂၂

မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းအဖြစ် မြင်းခြံခရိုင်၏ အစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးစရိတ် ကျပ်သိန်း ၂၆၀၀ ကျော်ကို ကျေးရွာအရောက် ထုတ်ချေးခဲ့ရာ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်ငါးမြို့နယ်၌ ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ်များကို နွားထိုးကြီးမြို့နယ်အတွက် ၆၆၇ သိန်း၊ မြင်းခြံမြို့နယ်အတွက် ၆၆၅ သိန်း၊ ကျောက်ပန်းတောင်းမြို့နယ်အတွက် ၅၇၄ သိန်း၊ ငါန်းဇွန်မြို့နယ် အတွက် သိန်း ၄၅၀ နှင့် တောင်သာမြို့နယ်အတွက် ၃၃၉ သိန်းကို တာဝန်ရှိသူများက ကျေးရွာအရောက် ထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။ (၀၁၈)

ဆိုလာပြားများ ချောင်းဆုံ၌တပ်ဆင်

ချောင်းဆုံ ဩဂုတ် ၂၂

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်မှ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ နေရောင်ခြည် စွမ်းအင်သုံးဆိုလာပြားများနှင့် ဘက်ထရီအိုးများတပ်ဆင်အသုံးပြုလျက်ရှိရာ တော်ပေါင်းကျေးရွာတွင် ၂၇စုံ၊ တော်ပွန်ကျေးရွာတွင် ၂၇စုံ၊ တော်ကမာကျေးရွာတွင် ၃၁စုံတပ်ဆင်ပြီးဖြစ်ရာ ဩဂုတ် ၁၂ရက်မှစ၍ အိမ်ခြေ ၈၅လုံး မီးလင်းလျက်ရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လူနာတင်ယာဉ်နှင့်ထမ်းစင် ကောလင်း၌ လှူဒါန်း

ကောလင်း ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လူမှုရေးကူညီစောင့်ရှောက်မှုအသင်းသို့ လူနာတင်ယာဉ်နှင့် လူနာထမ်းစင် လှူဒါန်းပွဲကို ဩဂုတ် ၈ ရက်က ကျော်ဇေယျာရပ်ကွက် ပတ္တမြားလမ်းနေ ဦးကျော်ကျော်-ဒေါ်ထွေးထွေးတို့၏ နေအိမ်တွင်ကျင်းပရာ ကွယ်လွန်သူဦးကျီးညိုအားရည်စူး၍ အလှူရှင် ဒေါ်သီသီ၊ သမီး မသက်ထားဦးနှင့် သား မောင်ကျော်ထက်ခေါင် မိသားစုတို့က ငွေကျပ်သိန်းတစ်ရာ တန်ဖိုးရှိ လူနာတင်မော်တော်ယာဉ်တစ်စီးနှင့် လူနာထမ်းစင်တစ်ခုတို့ကို ပေးအပ်လှူဒါန်းသဖြင့် ဘဏ္ဍာရေးမှူး ဒေါက်တာ ခင်သောင်းက လက်ခံယူကြောင်း သိရှိရသည်။ (၀၉၂)

ရန်ကုန်မြို့၌ Mini Library များ ဖွင့်လှစ်ထား

ရန်ကုန် ဩဂုတ် ၂၂

ကလေးငယ်များ စာဖတ်သောအလေ့အကျင့်များ ဖြစ်လာစေရန်နှင့် စာကြည့်တိုက်ကို တန်ဖိုးထားသုံးစွဲတတ်စေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် စာရေးဆရာ ပန်းချီဆရာကြီး ဦးအောင်စိုး၏ သားဖြစ်သူ ဦးမောင်မောင်စိုးက "အလင်းသစ်ဦးတည်ရာ" အမည်ဖြင့် Mini Library များကို ရန်ကုန်မြို့ အမှတ် ၂၁ ၁၄၉ လမ်း ကျောက်မြောင်း တာမွေမြို့နယ်၊ အမှတ် ၄၁ သမ္မာဒိဋ္ဌိလမ်း ကျောက်မြောင်း တာမွေမြို့နယ်နှင့် အမှတ် ၈၃၉ (ခ) မြရည်နန္ဒာလမ်း (၁၉)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) တို့တွင် ညနေ ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်းနှင့် ကလေးငယ်များ လာရောက်ဖတ်ရှုငှားရမ်းနိုင်ကြောင်း သိရှိရသည်။ (ကိုကြီးသာ)

အခမဲ့ဆေးခန်းဆောက်လုပ်ရန် အလှူငွေပေးအပ်

မြင်းခြံ ဩဂုတ် ၂၂

မြင်းခြံမြို့ ဆန္ဒတော်ပြည့် အာယုပါလ အခမဲ့ဆေးခန်း အဆောက်အအုံ တည်ဆောက်ရန်အတွက် အလှူငွေ စုပေါင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဆန္ဒတော်ပြည့်မွှောရုံ၌ ဩဂုတ် ၁၃ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ရန်ကုန်မြို့ အာရှတော်ဝင်အထွေထွေရောဂါကုဆေးရုံမှ ဦးစွန်တိတ်-ဒေါ်လွမ် မိသားစုက လှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ဦးရှိန်-ဒေါ်ပုလေး (သုခိတာမိသားစု)က ငွေကျပ် သိန်း ၁၀၀၊ ဒေါ်ခင်စီ မိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးကျော်လှ-ဒေါ်သန်းရင် (သိန်းမင်းမိသားစု)ကငွေကျပ် ၂၆သိန်းနှင့် ကျန်အလှူရှင် ၁၉ဦးမှ ၂၆၁သိန်း စုစုပေါင်း အလှူငွေကျပ် ၆၆၂သိန်း လှူဒါန်းမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

◆ ရှေ့ဖုံးမှ

လည်ပတ်နေပြီဖြစ်ပါတယ်။ အလားတူ ဒီလွှတ်တော်ကြီးကပဲ သဘောတူအတည်ပြုပေးလိုက်သည့် ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာလည်း ဥပဒေနဲ့အညီ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေး စတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနဲ့အညီ တိကျမှန်ကန်စွာ ထမ်းရွက်နေကြပြီ ဖြစ်ပါတယ်။

လွှတ်တော်အရပ်ရပ်ရဲ့ အဓိကတာဝန်ကြီးများဖြစ်သည့် ဥပဒေပြုရေးနှင့် အပြန်အလှန် ထိန်းကျောင်းရေးတို့ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် Capacity Building ကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရပါတယ်။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ အပြန်အလှန် ထိန်းကျောင်းမှုများနဲ့အညီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျကျ အသက်ဝင်ပုံပေါ်လာအောင် ပုံဖော်တည်ဆောက် ထမ်းရွက်နေကြပြီဖြစ်တဲ့အတွက် ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို ချောမွေ့ညင်သာ အောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချုပ်

ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ ပြည်တွင်းနိုင်ငံရေးအင်အားစုများကို သဘောထားအမြင်ကွဲလွဲမှုကြောင့် ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ လျှော့ပါးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အခြာ အာဏာကြီးသုံးရပ်ကို စနစ်တကျ တည်တည်ငြိမ်ငြိမ်နဲ့ အသက်ဝင်လာအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အောင်မြင်မှုအတွက် နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ကျွန်တော်နှင့်တကွ အစိုးရအဆင့်ဆင့်၊ နာယကကြီးနှင့်တကွ လွှတ်တော်အရပ်ရပ်တို့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ထမ်းဆောင်ပါမည်ဟု ကတိသစ္စာပြုထားကြသူများ ဖြစ်ကြပါတယ်။

ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုလွှတ်တော်က အပ်နှင်းထားတဲ့ နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်မှန်ကန်စွာ ကျင့်သုံးပြီး အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကိုရှေးရှုပြီး ငြိမ်းချမ်းရေးတံခါးကိုဖွင့်လှစ်ကာ ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့စေတနာကို ထုတ်ဖော်ပြသ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားတွေရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ နယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှု ခိုင်မာလာတာနဲ့အမျှ စီးပွားရေးအခြေအနေကောင်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖြစ်ပေါ်လာအောင် ကုန်သွယ်ရေးနယ်မြေတွေ၊ စက်မှုလုပ်ငန်းတွေ ဖန်တီးဖော်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ ပြည်တွင်း နိုင်ငံရေးအင်အားစုများကိုလည်း သဘောထားအမြင်ကွဲလွဲမှုကြောင့် ဖြစ်ပေါ်နေခဲ့တဲ့ ပဋိပက္ခတွေလျှော့ပါးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေ ထွန်းကားပြန့်ပွားလာအောင် စတင်ကူးပြောင်းဆောင်ရွက်နေတဲ့ ဒီကနေ့ ဒီအချိန်မှာ မိမိတို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနဲ့ လိုက်လျောညီထွေဖြစ်တဲ့ လွတ်လပ်မှုကို ဖော်ဆောင်ရာမှာ တွဲလျက်တည်ရှိနေတဲ့ တာဝန်ယူမှု၊ တာဝန်သိမှုဆိုတဲ့ Democratic Spirit ကိုလည်း ခိုင်မာလာအောင် ကိုယ်စီကိုယ်စီ ထူထောင်တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ Democratic Practices ဖော်ဆောင်တဲ့ လုပ်ငန်းစဉ်တွေမှာလည်း သိသာမြင်သာတဲ့ တိုးတက်မှုတွေ၊ ရလဒ်ကောင်းတွေ စဉ်ဆက်မပြတ် ထွက်ပေါ်စေဖို့ ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးအခွင့်အာဏာကို အကျိုးရှိရှိအသုံးချပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပြည်သူအများ မျှော်လင့်နေကြတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government)၊ ဒီမိုကရေစီကျင့်စဉ် (Democratic Practice) များ ထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့လုပ်ငန်းစဉ်တွေကိုလည်း ဤလွှတ်တော်အား ကတိပြုပြောကြားထားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့အစိုးရဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါ့မယ်။ ပြည်သူလူထု စိတ်ကျေနပ်မှု၊ ပြည်သူလူထု စိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစား အားထားမှုကို ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ်ကိုပါပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်တွေ ဆက်လက်ဆွဲကိုင်ထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှု ကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေးအာဏာဟာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တည်ရမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များရဲ့ အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသက်ဝင် အကောင်အထည်ပေါ်လာစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးစနစ်သစ်၊ အုပ်ချုပ်ရေးအသွင်သဏ္ဌာန်သစ်ကို စတင်ဖော်ဆောင်ရချိန်ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ Institutional Building နှင့် Capacity Building တို့ဟာလည်း အရှိန်အဟုန် ရရှိလာတာနဲ့အမျှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များရဲ့ အပြန်အလှန်ထိန်းကျောင်းမှု လုပ်ငန်းစဉ်တွေကို ခိုင်ခိုင်မာမာ ပုံဖော်တည်ဆောက် လာနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှသည် ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့်သော အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးများဟာလည်း ဥပဒေများ စနစ်တကျ ထွက်ပေါ်လာပြီးတဲ့နောက်မှာ ပိုမိုထိရောက်မှန်ကန်သော၊ ပြည်သူလူထုပါဝင်မှုကို ရှေးရှုဦးတည်သော အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန်များ ဖြစ်ပေါ်လာတော့မှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဤလွှတ်တော်သို့ပေးအပ်ခဲ့တဲ့ ကတိကဝတ်များနဲ့အညီ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်လေ့လာပြီး စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ **ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်** ဟူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးမှာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများဥပဒေ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အလားတူ ခေတ်၊ စနစ်နှင့် မလျော်ညီတော့တဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာ၊ နိုင်ငံရေးပင်စင်လစာများကိုလည်း ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရရဲ့ လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နဲ့အညီ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးမှုနှုန်းထား (၁၆) ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ လက်ရှိအချိန် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထား အတက်အကျ မတည်ငြိမ်မှုများ၊ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် မသေချာမရေရာ ဖြစ်ပေါ်နေမှုအနေအထားများ၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်ခြင်းများ ဖြစ်ပေါ်လာနေတဲ့အတွက် စပါးစိုက်တောင်သူလယ်သမားများအနေဖြင့် ထိခိုက်နစ်နာမှုများ ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ **"နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်"** ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ကျွန်တော်တို့ အစိုးရအနေနဲ့ တောင်သူလယ်သမားများ ထုတ်လုပ်မှုစရိတ် မကာမိသည့်အပြင် ဈေးနှိမ်ခံရခြင်း စတဲ့အခက်အခဲများမှ လွတ်ကင်းစေရန်လည်း

ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထား

ပြည်သူ့အစိုးရဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီး[...] ထားရပါ့မယ်။ ပြည်သူလူထု စိတ်ကျေနပ်မှု၊ ပြည်သူလူထုစိတ်[...] ထမ်းဆောင်ကြတဲ့၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစား [...] ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေ[...] ပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်[...] ဖြစ်တဲ့အတွက် စနစ်ကိုပါပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်[...] လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်တွေ ဆက်လက်ဆွဲကိုင်ထားသူ[...] သိမှု၊ တာဝန်ယူမှု ကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း [...] အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု[...] အုပ်ချုပ်ရေးအာဏာဟာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တည်ရမှာ[...]

ပုဂ္ဂလိက ကဏ္ဍနဲ့ပူးပေါင်းပြီး ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများအနေနဲ့ နိုင်ငံတော်မှ လုပ်ပိုင်ခွင့်ပေးထားသည့် လယ်မြေများကို ဥပဒေနှင့်အညီ စိတ်ချလက်ချဖြင့် သားစဉ်မြေးဆက်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် အစီအမံများလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတကာ ငွေကြေးစနစ်များရဲ့ မတည်ငြိမ်မှု၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ယိမ်းယိုင်နေမှု စတဲ့ External Factor များကြောင့်လည်း ပြည်တွင်းစီးပွားရေးအပေါ် ရိုက်ခတ်မှုများ ဖြစ်ပေါ်နေပါတယ်။ ဒီလိုဆက်နွယ်ဖြစ်ပေါ်မှုများအရ ကျွန်တော်တို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ အကျပ်အတည်းအချို့ ဖြစ်ပေါ်လာခဲ့တာတွေလည်း ရှိနေပါတယ်။ ပြည်ပကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုမြန်ဆန် သွက်လက်လာအောင် ပို့ကုန်သွင်းကုန် လိုင်စင်တွေကို အများဆုံး နှစ်ပတ်အတွင်းရရှိအောင်၊ ကုမ္ပဏီထူထောင်ခွင့် လိုင်စင်တွေကို အများဆုံး နှစ်လအတွင်းရရှိအောင်၊ နိုင်ငံကူးလက်မှတ်တွေ အများဆုံး (၂၁)ရက်အတွင်းရရှိအောင် ဆောင်ရွက်ပေးခဲ့သလို ပို့ကုန်အပေါ် ကောက်ခံတဲ့ အခွန်နှုန်းထားကိုလည်း (၇) ရာခိုင်နှုန်းသာ ကောက်ခံစေတဲ့စနစ်ကို ပြင်ဆင်ပြောင်းလဲဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ပို့ကုန်လုပ်ငန်းနယ်ပယ်အချို့မှာ အခက်အခဲတွေနဲ့ ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်တာကို တွေ့ရှိရတဲ့အတွက် ပို့ကုန်တွေအပေါ် ကောက်ခံနေတဲ့ ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း (၆)လ သက်တမ်းနဲ့ ကင်းလွတ်ခွင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

စက်မှုနိုင်ငံထူထောင်ရေးအတွက် အဓိကအသက်သွေးကြောဖြစ်တဲ့ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ငန်းပမာဏပေါ်မူတည်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေ

ပထမအကြိမ်
ပြည်ထောင်စုလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

လွယ်ကူစေအောင်လည်း လုပ်ထုံးလုပ်နည်းတွေ ပြင်ဆင်သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စက်မှုလုပ်ငန်းများကို အကြောင်းပြုပြီး မသမာတဲ့နည်းလမ်းတွေကို ရှောင်ကြဉ်ဖို့၊ နိုင်ငံတော်ရဲ့ မူဝါဒတွေကို လေးစားလိုက်နာကြဖို့၊ စည်းကမ်းရှိဖို့၊ ကိုယ့်အကျိုးစီးပွားကိုပဲ ရှေ့တန်းမတင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံခြား ငွေလဲလှယ်မှုနှုန်းထားအပါအဝင် စီးပွားရေးမူဝါဒများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခေတ်၊ စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို အလွှာစုံတက်ရောက်ဆွေးနွေးနိုင်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကထွက်ပေါ်လာတဲ့ အကြံပြုချက်၊ ရလဒ်များကို စနစ်တကျလေ့လာသုံးသပ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ ဆွေးနွေးတိုင်ပင်ကာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေကို ရေတို၊ ရေရှည် ထိခိုက်နစ်နာမှုမရှိစေဖို့ သတိရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း ကျွန်တော်တို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာ စီးပွားရေး၊ ငွေကြေးဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းစီးပွားရေးအခြေအနေများနှင့်အညီ မျက်ခြည်မပြတ် အနီးကပ်စောင့်ကြည့်လေ့လာပြီး တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးအခွင့်အာဏာနဲ့အညီ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ လူတိုင်းလူတိုင်း တန်းတူရည်တူ အခွင့်အလမ်းများရရှိရေးတို့ကို အစွမ်းကုန်မြှင့်တင်ပေးပြီး မလိုအပ်သော အပိုကုန်ကျစရိတ် Transactional Cost များ လျှော့နည်းကျဆင်းရေး၊ ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး၊ ဈေးကွက်စီးပွားရေး ယန္တရားများ အသက်ဝင်ရှင်သန်ခိုင်မာလာရေး၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအခြေခံတဲ့ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးလည်း နိုင်ငံတော်ရဲ့ စီးပွားရေးမဏ္ဍိုင်မှာ Key Driver များဖြစ်ကြတဲ့ ပုဂ္ဂလိကကဏ္ဍ ဦးဆောင်အသင်းအဖွဲ့များနဲ့လည်း စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးပြီး နိုင်ငံတော်နဲ့ပြည်သူများရဲ့ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်း အပြန်အလှန် ပံ့ပိုးကူညီခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ဖြစ်ပေါ်လာတဲ့ စီးပွားရေးအခက်အခဲများကို စုပေါင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းဖြေရှင်းခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး Public-Private Partnership လမ်းကြောင်းကို ခိုင်မာသည်ထက်ခိုင်မာအောင် ပုံဖော်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း မိမိတို့အပိုင်းက စီးပွားရေးအကျိုးအမြတ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ကြရာမှာ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအတွက် ခိုင်မာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖော်ဆောင်ပေးနိုင်အောင်၊ နိုင်ငံတော်ရဲ့ အမျိုးသားကုန်ထုတ်စွမ်းရည် တိုးတက်မြင့်မားလာအောင်၊ နောင်အနာဂတ်မှာဖြစ်ပေါ်လာမယ့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုဝန်းကျင်မှာ အရည်အသွေးနဲ့ စံချိန်စံညွှန်းမြင့်မားတဲ့ ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း ကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေး၊ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ဥပဒေများကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုများကို ခေတ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးတို့ကို ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး၊ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို နိုင်ငံတော်၏ ပကတိအခြေအနေမှန်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးတို့ကိုလည်း အထူးအလေးထား ဆောင်ရွက်ခဲ့ရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းပေးကြရတော့မှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့အစိုးရအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အစဉ်အမြဲ ဒွန်တွဲပြီး အဘက်ဘက်မှ လေ့လာသုံးသပ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများမှာ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတကာနှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြင်းမရှိခဲ့သော အစဉ်အဆက်ဂုဏ်ယူဖွယ်ရာ နိုင်ငံခြားရေးမူဝါဒ အစဉ်အလာကို ဆက်ခံကျင့်သုံးလျက်ရှိသော ကျွန်တော်တို့အစိုးရဟာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ ဒေသတွင်း အဖွဲ့အစည်းများတွင်လည်း တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ရယူထမ်းဆောင်ဖို့ တရားဝင်အဆိုပြုကမ်းလှမ်းခဲ့တာပဲဖြစ်ပါတယ်။ အာဆီယံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးကိုလည်း ကျွန်တော်တို့ကြိုဆိုနေပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်မယ့် ဒီမိုကရေစီမြန်မာ့လူ့ဘောင်ကို ချောမွေ့ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့မျက်မှောက်အခြေအနေကို လေ့လာကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဂုဏ်ယူဖွယ်ရာ ကူးပြောင်းမှုတစ်ရပ်ဖြစ်တယ်ဆိုတာကို အထင်အရှား တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအပေါ် တားဆီးနှောင့်ယှက်မှုတွေရှိနေပေမယ့်လည်း ကျွန်တော်တို့ စိတ်ဓာတ်ကျစရာ၊ စိတ်ပျက်စရာအကြောင်း မရှိပါဘူး။ ကျွန်တော်တို့မှာ စည်းလုံးညီညွတ်တဲ့ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးရှိပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းမှာ၊ ခေတ်အဆက်ဆက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ၊ ပိတ်ဆို့အရေးယူမှုများကြားမှာ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ရတဲ့ အခါမျိုးမှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ညီညွတ်မှုအားနဲ့ ကျွန်တော်တို့ ကျော်လွှားအောင်မြင်ခဲ့ကြတာဖြစ်ပါတယ်။

ဒီကနေ့ ဒီအချိန် ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွက်ပေါ်လာပြီဖြစ်တဲ့ အစိုးရရှိနေပါတယ်။ အပြန်အလှန်ထိန်းကျောင်းရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်အရပ်ရပ်ရှိနေပါပြီ။ သီးခြားတည်ရှိနေတဲ့ တရားစီရင်ရေးမဏ္ဍိုင် ရှိနေပါပြီ။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေ ပိုမိုဖွံ့ဖြိုးလာနေပြီဖြစ်ပါတယ်။ ဒီအခြေအနေတွေကို မယုံကြည်သေးတဲ့သူတွေ ယုံကြည်လာအောင်၊ မမြင်ကြသေးတဲ့သူတွေ ကိုယ်တိုင်ကိုယ်ကျမြင်တွေ့လာအောင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ ကျွန်တော်တို့ အသင့်ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို မှန်မှန်ကန်ကန် ဥပဒေနဲ့အညီ ပေးအပ်နိုင်အောင် ကြိုးစားလုပ်ဆောင်နေပြီဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်တို့အစိုးရဟာ လသားအရွယ် အစိုးရတစ်ရပ်ပဲဖြစ်ပါတယ်။ အစိုးရသက်တမ်း နုနယ်သေးပေမယ့်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ပြီး ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ အစိုးရအဖွဲ့တစ်ရပ်ရဲ့ စွမ်းဆောင်နိုင်မှုအရည်အသွေးကို အစိုးရသက်တမ်းတစ်ခုလုံးနဲ့မှသာ တိုင်းတာသတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရကို ပြည်သူလူထုတစ်ရပ်လုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုလွှတ်တော်က ယုံယုံကြည်ကြည် အပ်နှင်းထားတဲ့ တာဝန်၊ ကျေပွန်ရမယ့်ဝတ္တရားတွေကို တတ်နိုင်သမျှ အစွမ်းကုန် ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ဒီကြီးလေးတဲ့တာဝန်တွေကို ယုံကြည်လေးနက်စွာ ကျွန်တော်တို့ပခုံးထက်မှာ တင်ထားကြတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်ဝင်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်နဲ့ ဒုတိယသမ္မတ (၂) ဦးကအစပြုလို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအဆင့်အထိ အဆင့်ဆင့်သော ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ရပ်လုံးအနေနဲ့ အုပ်ချုပ်ရေးအာဏာကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေ ဖြစ်နေတာတွေ၊ ပြည်သူတွေ ဖြစ်ချင်တာတွေကို ကျွန်တော်တို့သိပါတယ်။ အပြည့်အဝဖြည့်ဆည်း ဆောင်ရွက်နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

…ကျိုးစီးပွားကို ဦးထိပ်ထား

…အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ် …တ်ကျေနပ်မှု၊ ပြည်သူလူထုစိတ်ချမ်းသာမှုကို …တစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစား အားထားမှုကို …င်းများဖြစ်လာအောင် ပညာပေးခြင်း၊ သတိ …င်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီ …င်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ …စ်တွေ ဆက်လက်ဆွဲကိုင်ထားသူတွေ၊ တာဝန် …အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ …ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ …ထောင်စုတစ်ဝန်းလုံးမှာ တည်ရမှာဖြစ်ပါတယ်။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊အမျိုးသမီး ဘော်လီဘောဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

သတင်းမှတ်စုနှင့်ဓာတ်ပုံ — တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

၂၀၁၁ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အနိုင်ရရှိ

ဗိုလ်လုပွဲကိုကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက အနိုင်ရရှိသည်။ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ရှမ်းပြည်နယ်အသင်းက အနိုင်ရရှိသွားသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ဆုပေးပွဲကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမ ရှမ်းပြည်နယ်၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပွဲစဉ်တစ်လျှောက် အမျိုးသမီး အားကစားသမားဆုကို မန္တလေးတိုင်းဒေသကြီးမှ ခင်သက်ဝေ၊ အမျိုးသား အကောင်းဆုံးဆုရ ရှမ်းပြည်နယ်မှ သိန်းဟန်တို့အား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းကို လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းကို လည်းကောင်း ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

သတင်းမှတ်စု–တင်ဝင်းလေး (ကြည့်မြင်တိုင်) ၊ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်မည့် လက်ဝှေ့ပွဲများ အောင်နိုင်ရေးအတွက် ရည်ရွယ် ၍ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားကွင်း လက်ဝှေ့ရုံ၌ ဩဂုတ် ၁၇ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဌာနဆိုင်ရာ ကလပ်အသင်း၊ မြို့နယ်ကလပ်အသင်း၊ ပုဂ္ဂလိက ကလပ်အသင်း (၁၃)သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (အောက်ပုံ)



အနိုင်ရဗိုလ်စွဲ

နောက်ဆုံးနေ့ ဗိုလ်လုပွဲကို ဩဂုတ် ၂၂ ရက်က ကျင်းပရာ ကီလိုတန်းအလိုက် အမျိုးသားသက်ငယ်တန်း၊ အမျိုးသမီးအလွတ်တန်းနှင့် အမျိုးသားအလွတ်တန်း ပွဲစဉ် (၁၂)ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ အမျိုးသား သက်ငယ် (၄၀) ကီလိုတန်းတွင် ကျော်မိုးအောင် (မန္တလေးလူငယ်)၊ (၄၄)ကီလိုတန်းတွင် သက်မင်းစိုး (ဖွဲ့လူငယ်)၊ (၄၆)ကီလိုတန်းတွင် ရဲမင်းဦး (မော်ကျွန်း)၊ (၅၀)ကီလိုတန်းတွင် ဆက်နိုင်ဦး (မော်ကျွန်း)၊ (၅၇)ကီလိုတန်းတွင်ဖွဲ့မာန်အောင်(ဘိုကလေး)၊ အမျိုးသမီးအလွတ်တန်း (၄၈)ကီလိုတန်းတွင် နန်းသက်ထားစံ(လယ်/ဆည်)၊ (၅၁)ကီလိုတန်းတွင် နှင်းမို့မို့နိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ (၅၄)ကီလိုတန်းတွင် နယ်လီ (အား/ကာသိပ္ပံ၊ မန္တလေး)၊ အမျိုးသားအလွတ်တန်း (၄၉) ကီလိုတန်းတွင် ဝေဖြိုးထွန်း(ပြည်ထဲရေး)၊ (၅၂)ကီလိုတန်းတွင် ထက်အောင် (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ (၅၆)ကီလိုတန်းတွင် ကျော်ကျော်လတ် (မြို့တော်စည်ပင်)၊ (၆၀)ကီလိုတန်းတွင် ရဲနိုင် (အား/ကာသိပ္ပံ၊ ရန်ကုန်)တို့က အနိုင်ရဗိုလ်စွဲသွားကြသည်။

အကောင်းဆုံးအမျိုးသမီးအလွတ်တန်းဆုကို (၅၇) ကီလိုတန်းမှ ကြူကြူလှိုင် (လယ်/ဆည်) အမျိုးသားသက်ငယ်တန်းအကောင်းဆုံးဆုကို (၄၈) ကီလိုတန်းမှ လင်းထွတ်ခိုင်တို့က ဆွတ်ခူးရရှိသွားသည်။

ဆုများချီးမြှင့်

ဆုရသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက အသီးသီး ဆုများချီးမြှင့်ပေးခဲ့သည်။

စခန်းသွင်းလေ့ကျင့်

အနိုင်ရဗိုလ်စွဲသူများနှင့်အတူ အမျိုးသမီးပြိုင်ပွဲအတွက် ပင်မ လူလေးဦး၊ အရန်လေးဦး၊ အမျိုးသားပြိုင်ပွဲအတွက် ပင်မ လူခြောက်ဦး၊ အရန် ခြောက်ဦး စုစုပေါင်း ၂၀ အား စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ ကာဇက်စတန် လက်ဝှေ့နည်းပြနှင့်အတူ ကာဇက်စတန်နိုင်ငံတွင် စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။ ။
(မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင် ဘီလိယက်နှင့်စနူကာအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

အိုင်ယာလန်နိုင်ငံ ကာလိုမြို့၌ ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘီလိယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ဘီလိယက်အဖွဲ့သည် ဩဂုတ် ၂၂ရက် ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဘီလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

လိုက်ပါသွား

မြန်မာ့လက်ရွေးစင် ဘီလိယက်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်ကျော်ကျော် (ဦးစီးအရာရှိ အား/ကာဦးစီးဌာန)၊ အုပ်ချုပ်သူ ဦးအောင်လင်း၊ (အမှုဆောင် မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်)၊ နည်းပြ ဒေါက်တာမင်းနိုင်၊ အားကစားသမားများအဖြစ် ကျော်ဦး(ရန်ကုန်မြို့တော်စည်ပင်)နှင့်နေသွေးဦး (လက်ရွေးစင်အားကစားသမား)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းကိုတစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၂၃ ရက်တွင် ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တယောပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	တောမြိုင်စွန်း	(ယိုးဒယား)
(ခ)	စိန်ကြောင်နီလာ	(ပတ်ပျိုး)
(ဂ)	ဘုန်းဆင့်ဆင့်တိုး	(ပတ်ပျိုး)
(ဃ)	မဲဇာတောင်ခြေ	(ပတ်ပျိုး)
(င)	ပန်းဟေဝန်	(ယိုးဒယား)
(စ)	သာဆန်းရဂုံဗွေ	(ပတ်ပျိုး)
(ဆ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဇ)	ခိုင်ပန်းစုံမှုန်မာလာ	(ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မှန်ရဝေ	(ပတ်ပျိုး)
(ခ)	သောင်းသောင်းညံ	(ယိုးဒယား)
(ဂ)	ဂုဏ်တော်ဖွင့်	(ကာလပေါ်) (ပြည်လှဖေ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(ခ)	မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း	(ကာလပေါ်) (ဝင်းဦး)
(ဂ)	မိုးလုံးပတ်လည်	(ပတ်ပျိုး)

၄။ အခြေခံပညာ (၁၅–၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ကောက်စိုက်မ	(ကာလပေါ်) (စိန်ပါတီ)
(ခ)	နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ဂ)	စိမ်းလဲ့လဲ့ညိုပြာ	(ကြိုး)

၅။ အခြေခံပညာ (၁၀–၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	ဇွဲ	(ကာလပေါ်) (ပြည်လှဖေ)
(ခ)	လူမနော	(ပတ်ပျိုး)
(ဂ)	ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ	(ကြိုး)

၆။ အခြေခံပညာ (၅–၁၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မေတ္တာ	(ကာလပေါ်) (မြသက်မူ)
(ခ)	စံရာတောင်ကျွန်း	(ကြိုး)
(ဂ)	မှန်ညောင်သဇ္ဇာ	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

လှိုင်သာယာ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်)လှိုင်သာယာမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုနည်းစနစ်များဆိုင်ရာသင်တန်းဖွင့်ပွဲနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရှင်းလင်းပွဲကျင်းပရာ အခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ပိုစတာများစိုက်ထူ

ထို့နောက် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပေးပိုစတာများကို ရန်ကုန်-ညောင်တုန်းလမ်းမကြီးနှင့် ကနောင်မင်းသားကြီး လမ်းဆုံတွင်လည်းကောင်း၊ ရန်ကုန်-ညောင်တုန်းလမ်းမကြီးနှင့် ဗိုလ်အောင်ကျော်လမ်းဆုံတွင်လည်းကောင်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် တပင်ရွှေထီးလမ်းဆုံတွင်လည်းကောင်း စိုက်ထူကြသည်။

ရှင်းလင်းပြောကြား

ထို့အပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများသိရှိစေရန် ဝေငှသွားမည်ဖြစ်ပြီး ကေဘယ်လ်ကြိုးဟောင်းများကို အသစ်ပြောင်းလဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၁၂၉)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ချ်မြို့အနီး လေယာဉ်တစ်စင်းပျက်ကျ

မော်စကို ဩဂုတ် ၂၂

ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စိန့်ပီတာစဘတ်ချ်မြို့အနီးတွင် အပေါ့စားလေယာဉ်ငယ်တစ်စင်း ဩဂုတ် ၂၀ ရက်က ပျက်ကျခဲ့ရာ ၎င်းလေယာဉ်ပေါ်တွင် လိုက်ပါခဲ့သည့် လူလေးဦးစလုံး သေဆုံးခဲ့သည်ဟု ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

စုံစမ်းနေ

လေယာဉ်ပျက်ကျသည့်နေရာမှာ စိန့်ပီတာစဘတ်ချ်မြို့မှ ကီလိုမီတာ ၅၀ အကွာ ဂိုပီရှားမြို့အနီးတွင်ဖြစ်ကြောင်း ရုရှားအင်တာဖက်စ်သတင်းဌာနတွင် ဖော်ပြသည်။ ယင်းဖြစ်ရပ် မည်သို့ဖြစ်ပွားသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်။ စိန့်ပီတာစဘတ်ချ်မြို့အနီး ယခုကဲ့သို့ လေယာဉ်အငယ်စားပျက်ကျခဲ့သည်မှာ လေးရက်အတွင်း ဒုတိယမြောက်လေယာဉ်ပျက်ကျမှုဖြစ်သည်။ ဩဂုတ် ၁၆ ရက်ကလည်း ယင်းမြို့တောင်ပိုင်း နယ်မြေအတွင်း ကိုယ်ပိုင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ၌ လူသုံးဦး သေဆုံးခဲ့ပြီးဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

ခရစ်မပေါ်မီ ရာစုနှစ်များဆီက ရောမသင်္ဘောပျက် အယ်ဘေးနီးယားတောင်ပိုင်းကမ်းလွန်၌ တွေ့ရှိ

တီရာနာ ဩဂုတ် ၂၂

အယ်ဘေးနီးယားနိုင်ငံ တောင်ဘက်ကမ်းခြေ ကာရာဘူရန် ကျွန်းဆွယ်ကမ်းလွန်မှ ရောမသင်္ဘောပျက်ကို အယ်ဘေးနီးယားနှင့် အမေရိကန် ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

ရှေးဟောင်းသုတေသနပညာရှင်များက မီတာ ၃၀ ရှည်သည့် သင်္ဘောပျက်ကို ရေအောက်အနက် မီတာ ၅၀ မှ တွေ့ရှိခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် ခရစ်မပေါ်မီ ဒုတိယရာစုနှင့် ပထမရာစုအတွင်းရှိမည်ဟု ခန့်မှန်းကြသည်။

ပြောကြား

ယခုကဲ့သို့ ရောမသင်္ဘောပျက်ကို ရှေးဟောင်းသုတေသနပညာရှင်များ တွေ့ရှိခြင်းကြောင့် အီလီရီယန်တောင်ပိုင်း ကမ်းခြေ၌ ရှေးခေတ်က လူဦးရေမည်မျှ နေထိုင်ခဲ့ကြမှု၊ မြေထဲပင်လယ်နှင့် ကုန်သွယ်ရေးဆက်ဆံမှုတို့ကို ဆန်းစစ်ရန် အချက်အလက်သစ်များ ရရှိစေကြောင်း ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၂၂-၈-၂၀၁၁)

တင်မောင်လွင် – စုစည်းသည်

ပိုလန်၌ လေယာဉ်နှစ်စင်း ပျက်ကျ

ပိုလန်နိုင်ငံတောင်ပိုင်းတွင် ဩဂုတ် ၂၁ ရက်က လေယာဉ်ငယ်နှစ်စင်းပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဩဂုတ် ၂၂ ရက်၌ ဖော်ပြသည်။ ပထမလေယာဉ်တစ်စင်းမှာ ကတ်စ်နာ -၁၈၂ အမျိုးအစားလေယာဉ်ဖြစ်ပြီး ခရာကောခရိုင်အတွင်း အိမ်တစ်အိမ်အပေါ်၌ ပျက်ကျခဲ့ရာ ၎င်းလေယာဉ်ပေါ်မှ လေယာဉ်မှူးနှင့် မိန်းကလေးငယ်သုံးဦး သေဆုံးခဲ့သည်။ နောက်လေယာဉ်တစ်စင်းမှာ ဒိုလ်နေရွာအနီး ပျက်ကျခဲ့ခြင်းဖြစ်ပြီး နှစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် မီးလောင်

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်တွင် ဩဂုတ် ၂၀ ရက်က လူနေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ လူငယ်နှစ်ဦးနှင့် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ မီးလောင်မှုမှာ ယူနန်ပြည်နယ် ကန်ဒူးခရိုင် ကူမင်းမြို့ဆင်ခြေဖုံးရှိ ဂန်စီးရွာတွင် ဩဂုတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီ၌ လူနေအိမ်တစ်လုံးမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိချိန်တွင် မီးတောက်များသည် အိမ်အပြင်ဘက်သို့ ထွက်ရှိနေပြီး အိမ်အပေါက်မှထွက်နေသော ကလေးငယ်နှစ်ဦးအား ခေါ်ဆောင်၍ ဆေးရုံသို့ပို့ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ဆေးရုံ၌သေဆုံးခဲ့ကြောင်း၊ ကျန်တစ်ဦးမှာ အိမ်အတွင်းတွင်မီးလောင်ပြီး သေဆုံးလျက်ရှိသည်ကို တွေ့ရကြောင်း အနီးပတ်ဝန်းကျင်ရှိလူများက ပြောကြားခဲ့သည်။ (အင်တာနက်)

ပါပူဝါနယူးဂီနီတွင် အင်အားပြင်းငလျင်လှုပ်

ပါပူဝါနယူးဂီနီတွင် ဩဂုတ်၂၀ရက် ဂရင်းနစ်စံတော်ချိန် ၁၃ နာရီ ၃ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ဝ ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း ဟောင်ကောင်သုတေသနအဖွဲ့က ဩဂုတ် ၂၂ ရက်၌ ပြောကြားသည်။ ကနဦးတိုင်းတာချက်အရ အဆိုပါငလျင်သည် ပေါမော်ရက်ဆိုင်မြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀၀ ခန့်၊ တောင်လတ္တီတွဒ် ၅ ဒသမ ၇ ဒီဂရီအနီးနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၁ ဒသမ ၁ ဒီဂရီတွင် ဗဟိုပြု၍ လှုပ်ခတ်သွားခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တွင် မိုင်းပေါက်ကွဲ၊ နှစ်ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်တောင်ပိုင်း ဂါရက်ခရိုင်တွင် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ဒေသခံနှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ဖိလစ်ပိုင်၌ ကူးတို့ယာဉ် မီးလောင်မှုဖြစ်ပွား ခရီးသည်စုစုပေါင်း သုံးဦးသေဆုံး

မနီလာ ဩဂုတ် ၂၂

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ဘိုဟိုလ်ပြည်နယ် တူဘီဂွန်ဆိပ်ကမ်းမှ ရေမိုင် လေးမိုင်ခန့်အကွာတွင် ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်က ကူးတို့ယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည်သုံးဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

မီးလောင်ခဲ့

၎င်းကူးတို့ယာဉ်သည် ရေယာဉ် ဝန်ထမ်းနှင့် ခရီးသည် ၆၇ ဦးကို တင်ဆောင်ကာ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ ဆိပ်ကမ်းမှ တူဘီဂွန်မြို့ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် တူဘီဂွန်ဆိပ်ကမ်းအနီးအရှေ့ဘက်တွင် မီးလောင်ခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ကျန်ခရီးသည် ၆၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့သည်။ ကူးတို့ယာဉ်သည် မိုးသည်းထန်စွာရွာသွန်းချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အနီးဝန်းကျင်ရှိ ရေယာဉ်များက ၎င်းကူးတို့ယာဉ်မှ ခရီးသည်များအား ကယ်ဆယ်ခဲ့ရကြောင်း၊ သေဆုံးသူသုံးဦးမှာ ခရီးသည်တစ်ဦးနှင့် ကူးတို့ယာဉ်ဝန်ထမ်း နှစ်ဦးတို့ ဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောကြားသည်။ ကူးတို့ယာဉ် မီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

အိန္ဒိယ၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွား ၁၁ ဦးသေဆုံး

ကိုလ်ကာတာ ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါ ပြည်နယ်တွင် မိုးသည်းထန်ပြီး မြစ်ရေများလျှံမှုကြောင့် ခရိုင် ၁၅ ခရိုင်တွင် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံ ၁၁ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ဩဂုတ် ၂၂ ရက်၌ ပြောကြားသည်။

ပြိုကျပျက်စီး

အနောက် ဘင်ဂေါပြည်နယ်၌ ဩဂုတ် ၁၉ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ပြိုကျပျက်စီးကာ လူအများအပြား သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အနောက်ဘင်ဂေါပြည်နယ်တွင် ယခုနှစ်မိုးရာသီ စတင်ကတည်းက ရေလွှမ်းမှုများကြောင့် သေဆုံးသူ ၄၇ ဦး အထိရှိနေပြီ ဖြစ်သည်။

ရွှေ့ပြောင်းပေးထား

မြစ်ရေအခြေအနေမှာ စိုးရိမ်ရေမှတ်၌ ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ဒေသတွင်း ရေကာတာများမှ ပြည့်နေသောရေများကို မြစ်များအတွင်းသို့ လွှဲပြောင်းပေးနေမှုကြောင့် ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ ရေဘေးကြုံတွေ့နေရသူ ဒေသခံ ၆၇၀၀၀ အား အရေးပေါ်ကယ်ဆယ်ရေးစခန်းများ၌ ရွှေ့ပြောင်းပေးထားရကြောင်း၊ စိုက်ပျိုးမြေများ ပျက်စီးခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

အိုမန်ကမ်းလွန်၌ အိန္ဒိယကုန်သင်္ဘောအပိုင်စီးခံရ

မွမ်ဘိုင်း ဩဂုတ် ၂၂

အိုမန်နိုင်ငံကမ်းလွန်တွင် ဩဂုတ် ၂၁ ရက်က အိန္ဒိယရေနံဓာတုကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

အပိုင်စီးသွား

၎င်းသင်္ဘောသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အခြေစိုက် အင်ဂလိုအီစတင်း သင်္ဘောကုမ္ပဏီပိုင်ဖြစ်ပြီး အိုမန်နိုင်ငံ ဆာလာလက်ဆိပ်ကမ်းအနီး ကျောက်ချထားစဉ် ပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောပေါ်တွင် အိန္ဒိယသင်္ဘောသား ၂၁ ဦးပါရှိသွားပြီး ဓားပြများက ဆိုမာလီနိုင်ငံသို့ ဦးတည်မောင်းနှင်သွားခဲ့ကြောင်း၊ အိုမန်နိုင်ငံ ရေပြင်အတွင်း ဓားပြအပိုင်စီးမှုများ ဖြစ်ပွားလေ့ရှိသော ရေပြင်ဧရိယာ၌ အပိုင်စီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ပြုလုပ်လေ့ရှိ

ဆိုမာလီပင်လယ်ဓားပြများသည် ပင်လယ်ပြင်၌ ၎င်းတို့၏ပင်မသင်္ဘောတစ်စင်းထားရှိပြီး အမြန်ရေယာဉ်များ အသုံးပြုကာ သင်္ဘောများကို အပိုင်စီးလျက်ရှိသည်။ အေဒင်ပင်လယ်ကွေ့၌ ဩဂုတ်လတွင် အနောက်တောင် မုတ်သုံလေတိုက်ခတ်ပြီး ပင်လယ်ပြင်၌ လှိုင်းလေမငြိမ်သက်ချိန်ကာလတွင် သင်္ဘောအပိုင်စီးမှုကို ပြုလုပ်လေ့ရှိသည်။ **(အင်တာနက်)**

23-8 (11).pmd 1 8/23/2011, 3:47 AM

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် မိုးညှင်းမြို့နယ်၌ ကျင်းပ

မိုးညှင်း ဩဂုတ် ၂၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး ၂၀၁၁ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်က မိုးညှင်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာ စကားပြောကြားကြပြီးနောက် မိုးညှင်းခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သင်းသင်းလှိုင်က ၂၀၁၁ခုနှစ် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားဆောင်ရွက်သွားမည့် အစီအစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးခြင်းပြိုင်ပွဲတွင် ဆုရရှိသော နှစ်နှစ်အောက် ကလေးမိခင်များနှင့် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရ (အလယ်တန်း၊အထက်တန်းအဆင့်) ကျောင်းသား ကျောင်းသူများအား ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဖြန့်ဝေပေး

ဆက်လက်ပြီး မိုးညှင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တေဇာမြတ်ထွေး **(အပေါ်ယာပုံ)**နှင့် တက်ရောက်လာသူများက ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေ ဆေးများတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားတိုးဆေးဖြန့်ဝေပေးခြင်း၊ ဗီတာမင်ဘီဝမ်း

ဖြန့်ဝေပေးခြင်း၊ အိုင်အိုဒင်းဆားထုပ်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဩဂုတ် ၁၂ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၏ မိခင်၊ ဖခင်များ အာဟာရဖြည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(မြန်မာ့အလင်း)

အခွန်အမှတ်တံဆိပ်ဆိုင်ရာ ပခုက္ကူ၌ အသိပေးဆွေးနွေး

ပခုက္ကူ ဩဂုတ် ၂၂

အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေသည့် လုပ်ငန်းနှင့်ပတ်သက်၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ပခုက္ကူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးဦးစိုးမြင့် **(ယာပုံ)**က ပခုက္ကူမြို့နယ်ရှိ Blue Diamond Co., Ltd. နှင့် Diamond World Co., Ltd. စီးကရက်စက်ရုံများရှိ တာဝန်ရှိသူများ၊ ခရိုင်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့်တွေ့ဆုံ၍ ပြည်တွင်းထုတ်ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေသည့်လုပ်ငန်းနှင့် ပတ်သက်၍ အသိပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

ဩဂုတ် ၂၂ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၀၆ ဒသမ ၉၄
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၃ ဒသမ ၈၈
၃။	ရွှေ	တစ်အောင်စ	၁၈၈၇ ဒသမ ၁၀
၄။	ငွေ	တစ်အောင်စ	၄၃ ဒသမ ၇၇
၅။	ကြေး	တစ်အောင်စ	၃ ဒသမ ၉၆
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၉၇ ဒသမ ၀၀

ဩဂုတ် ၂၂ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၈၇၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၄၄၀၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၆၀၁၀၀၀

ဘိန်းခင်း ၁၇၄၀၇ ဧက ဖျက်ဆီး

ရန်ကုန် ဩဂုတ် ၂၂

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၆ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဘိန်းခင်း ၁၇၃၉၉ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ပြီး ၂၀၁၁ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်း ဘိန်းခင်း ၅ ဧက၊ ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်း ၂ ဒသမ ၅ ဧကကို ထပ်မံဖျက်ဆီးနိုင်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၇၄၀၇ ဧက၊ ၇၀၄၄ ဒသမ ၅၁ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမြို့မြို့အနယ်နယ်၌ ငါးမျိုးစိုက်ထည့်

၂၂-၈-၂၀၁၁

ကျောက်တံခါး၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန့်ကျုံ့နီချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

ဝိုင်းမော်၌ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုးစပါးစိုက်ခင်း ဧက ၂၀၀အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက တောင်သူ ဦးခေါဇုန်းပိုင်လယ်မြေ၌ ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နောင်ဟီး၊ စန်းကားနှင့် မခန္တီးကျေးရွာတို့မှ တောင်သူများက ငါးခုံးမကြီး ငါးသန်ကောင်ရေ တစ်သိန်းစုပေါင်းငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

အခမဲ့ဖြန့်ဝေ

ထို့နောက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက တောင်သူ ၁၂ ဦးတို့အား စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရန် ငါးသားပေါက်များကိုလည်းကောင်း၊ ကျေးရွာအသီးသီးမှ တောင်သူများအားငါးစိုက်ထည့် မွေးမြူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို လည်းကောင်း အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၆၂)

ကျောင်းကုန်း၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းဖြစ်သော စပါးခင်းများအတွင်း ငါးသားပေါက်များထည့်သွင်းမွေးမြူခြင်းအခမ်းအနားကို ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီကျေးရွာရှိ လယ်ပိုင်ရှင်ဦးသန်းဖေ၏ စံပြလယ်ကွက်တွင် ဩဂုတ် ၁၄ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက လယ်ဧက ၃၀၀ အတွင်းသို့ ရွှေဝါငါးကြင်း ၅၀၀၀၀၊ တီလားဗီးယား ၈၀၀၀၀၊ ငါးခုံးမကြီး ၂၀၀၀၀ စုစုပေါင်း ကောင်ရေ ၁၅၀၀၀၀နှင့် လှည်းဆိပ်ကျေးရွာအုပ်စု မာလာကွင်းကျေးရွာရှိ ပေါင်းစည်းလယ်ယာအတွင်းသို့ ငါးမြစ်ချင်း ၁၅၀၀၊ တီလားဗီးယား ၁၀၀၀၊ ငါးခုံးမကြီး ၁၅၀၀ မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ)

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၉။	အင်္ဂလိပ်စာသုတ
၄း၄၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၃၀)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၅။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း -၁၇)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	မွေးမြူသုတ
	၂၃။	ဟာသရုပ်စုံ
	၂၄။	သီချင်းလက်ဆောင်
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း -၁၂)
	၂၇။	**Mini Series**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅) စံပြရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာမကောင်းသဖြင့် လမ်းများပေါ်သို့ ရေများစီးဆင်းလျက်ရှိကာ လမ်းများပျက်စီးပြီး ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်ပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(၃၅) ရပ်ကွက်သား။**

ရေတိုင်ကီထုရိုက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့်လမ်း ၁၂၀ ထိပ်ရှိ ရေတိုင်ကီလုပ်ငန်းမှ သံပြားထုသံ နေ့စဉ်ဆူညံနေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ။**

ရပ်ကွက်ထဲမှကားဂိတ် ဖယ်ရှားရှင်းလင်းပြီး

၂၀-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **တောင်ငူမြို့ ကုန်သည်ကြီးလမ်းနှင့် ခြောက်လမ်းထောင့်ရှိ ကားဂိတ်အားပြောင်းရွှေ့ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူ့မျှော်လင့်ချက်များကို အလေးထား

ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး ဖြစ်ထွန်းစေမည့် ဥပဒေများ အမြန်ပေါ်ထွန်းရေးဆောင်ရွက်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

ပြည်သူ့လွှတ်တော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

တက်ရောက်

ယနေ့အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၉) ဦးတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မေးခွန်းများ၊ အဆိုများ၊ ဥပဒေများ တင်သွင်းဆွေးနွေးကြမည့် ကိုယ်စားလှယ်များအပြင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စတုတ္ထမဏ္ဍိုင်မှ သတင်းဂျာနယ်၊ မီဒီယာများပါ ရောက်ရှိနေကြခြင်းကြောင့် ဒီမိုကရေစီ ပီပြင်စွာ ဖြစ်ထွန်းစေသော အင်္ဂါများစုံညီစွာ ပါဝင်လာပြီဟု ပြောရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများအပါအဝင် အများပြည်သူများနှင့် နိုင်ငံတကာမှ ဝေဖန်အကြံပြုမှုများကိုလည်း မိမိတို့ ခံယူသွားကြရမည်ဖြစ်ကြောင်း။

တာဝန်နှင့်လုပ်ပိုင်ခွင့်

ပါလီမန်က ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုအာဏာ ရယူကျင့်သုံးဆောင်ရွက်နေသည့် လုပ်နည်းစနစ်နှင့်မတူဘဲ သမ္မတက အုပ်ချုပ်ရေးအာဏာကျင့်သုံးပြီး လွှတ်တော်က ဥပဒေပြုအာဏာ ရယူဆောင်ရွက်နေသော မိမိတို့နိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းမှု၊ လွှတ်တော်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လွှတ်တော်ကော်မတီနှင့် ကော်မရှင်များ၊ အဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အတိတ်က သင်ခန်းစာများကိုရယူပြီး ယနေ့မျက်မှောက်ကာလတွင် ဆောင်ရွက်သင့်သော ကိစ္စများကို *စာမျက်နှာ ၄ ကော်လံ ၁* ✻

ဥပဒေပြုရေးလုပ်ငန်းကို ပြည်သူ့အကျိုးစီးပွားရှုထောင့်ကကြည့်ပြီး အားသွန်ခွန်စိုက်ဖော်ဆောင်

ဒီမိုကရေစီလူ့ဘောင်ကို ကြံ့ခိုင်သည်ထက် ကြံ့ခိုင်အောင် ဥပဒေပြုရေးကဏ္ဍမှဆောင်ရွက်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

အမျိုးသားလွှတ်တော်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

တက်ရောက်

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၁) ဦးတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ မတ် ၂၃ ရက်အတွင်း ၁၄ ရက် ကျင်းပခဲ့ပြီး လွှတ်တော်တွင် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၃၃)ခု မေးမြန်းခဲ့ကာ အဆို (၁၆)ခု တင်သွင်းခဲ့ကြောင်း၊ ထို့ပြင် လွှတ်တော်၌ အမြဲတမ်းကော်မတီ (၄)ရပ်ကို ဖွဲ့စည်းခဲ့ပြီး လိုအပ်ပါက အဆိုပါကော်မတီဝင်များဖြင့်ပင် ယာယီကော်မတီများ ဖွဲ့စည်းနိုင်သည်ဟု လွှတ်တော်က အတည်ပြုပေးခဲ့ကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌအနေဖြင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို ဖွဲ့စည်းပေးပြီး တာဝန်များပေးအပ်ခဲ့ကြောင်း၊ ယနေ့တွင်လည်း နောက်ထပ်လိုအပ်သော ယာယီကော်မတီ (၇)ခုကို လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း။

ပြဋ္ဌာန်းထား

အမျိုးသားလွှတ်တော်ဥပဒေ အခန်း (၄) ပုဒ်မ (၉)တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ (၁၀)မှာ လုပ်ပိုင်ခွင့်များ၊ ပုဒ်မ (၁၁)မှာ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ ပုဒ်မ (၁၂)မှာ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြဋ္ဌာန်းထားကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ ❒